# အမျိုးသမီးများအဖွဲ့ချုပ် [မြန်မာနိုင်ငံ]
# Women's League of Burma

## ဒေါ်အောင်ဆန်းစုကြည်၏ ၆၆ နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် ထုတ်ပြန်ကြေညာချက်
## ၂၀၁၁ခုနှစ်၊ ဇွန်လ၊ ၁၉ရက်

၂၀၁၁ ခုနှစ်၊ ဇွန်လ(၁၉)ရက်နေ့သည် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် နိုဗယ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်၏ (၆၆) နှစ်ပြည့်မွေးနေ့အခါသမ ယပင်ဖြစ်ပါသည်။ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၁၀ခုနှစ်၊ နိုဝင်ဘာလ (၁၃) ရက်နေ့တွင် နေအိမ်အကျယ်ချုပ်မှ ပြန်လည်လွတ် မြောက်လာခဲ့သည်။ နေအိမ်အကျယ်ချုပ်မှ ပြန်လည်လွတ်မြောက်လာခဲ့သည့်နေ့မှစ၍ သူမ၏ ခိုင်မာပြတ်သားသည့် နိုင်ငံရေးရပ်တည်ချက်များဖြင့် အားကြိုးမာန်တက် ဆက်လက်ကြိုးပမ်းဆောင်ရွက်နေမှုများအပေါ် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)မှ အထူးဝမ်းမြောက်ဂုဏ်ယူကြောင်း သူမ၏(၆၆)နှစ်ပြည့် မွေးနေ့နှင့်အတူ ထုတ်ဖော်ပြောကြားလိုပါသည်။

ထို့အပြင် ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၁၁ ခုနှစ်၊ မတ်လ (၈) ရက်နေ့တွင်ကျရောက်ခဲ့သည့် **နိုင်ငံတကာအမျိုးသမီးများနေ့** အထိမ်းအမှတ်အနေဖြင့် ထိုင်းနိုင်ငံသို့ အခက်အခဲအမျိုးမျိုးကြောင့်ရောက်ရှိနေကြသော ရွှေ့ပြောင်းအမျိုးသမီးများနှင့် တက်ကြွလှုပ်ရှားသူအမျိုးသမီးများအားလုံးထံသို့ ပေးပို့ခဲ့သည့် ဗီဒီယိုမိန့်ခွန်းစကားများ၊ မေလပထမပတ်အတွင်း အင်ဒိုးနီးရှားနိုင်ငံတွင် ကျင်းပပြုလုပ်ခဲ့သည့် (၇) ကြိမ်မြောက် **အာဆီယံလူထုညီလာခံ**သို့ ပေးပို့ခဲ့သည့် ဗီဒီယိုမိန့်ခွန်းစကားများနှင့် ပြီးခဲ့သည့် မေလ (၂၃) ရက်နေ့မှ (၂၅) ရက်နေ့အထိ ကနေဒါနိုင်ငံ၊ ကွေးဖက်မြို့တွင် ကမ္ဘာ့အဝှမ်းမှ ငြိမ်းချမ်းရေး နိုဗယ်လ်ဆုရှင် အမျိုးသမီးများ ဦးစီးကျင်းပပြုလုပ်သည့် **အမျိုးသမီးများအပေါ် အကြမ်းဖက်မှုအဆုံးသတ်ရေး နိုင်ငံတကာညီလာခံ**သို့ ပေးပို့ခဲ့သည့် ဗီဒီယိုမိန့်ခွန်းစကားများအတွက်လည်း အလွန်တရာ အားရကျေနပ်မိပါကြောင်း  ထပ်လောင်းပြောကြားလိုပါသည်။ ဒေါ်အောင်ဆန်းစုကြည်၏ မိန့်ခွန်းစကားများတွင် စစ်အာဏာရှင်စနစ်ဆိုးကြောင့် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့်အကြမ်းဖက်မှုများ သက်ရောက်နေသည့် အခြေအနေများအား ပြင်းထန်စွာ ထောက်ပြဝေဖန်၍ မြန်မာနိုင်ငံတွင် ကျားမနှစ်ဖြာ စုံညီစွာလက်တွဲဆောင်ရွက်သွားမှသာ စစ်မှန်သည့်ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအပြည့် အဝရရှိ လာမည်ဖြစ်သည့်အပြင် ပြည်သူလူထုတရပ်လုံးမှာလည်း စစ်မှန်သည့် ငြိမ်းချမ်းရေးကို ရရှိခံစားနိုင်ကြမည်ဖြစ်ကြောင်း ထောက်ပြပြောဆိုထားပါသည်။ သူမ၏ ထိုသို့ဖော်ပြချက်များသည် မြန်မာနိုင်ငံတွင် စစ်မှန်သည့်ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးရရှိရန်အတွက် မြန်မာနိုင်ငံလူဦးရေ၏ တစ်ဝက်ကျော်ရှိသော အမျိုးသမီးများ ဘဝလုံခြုံမှုသည် အဓိကအချက်တခုဖြစ်သည်ကို မီးမောင်းထိုးပြလိုက်ခြင်းပင်ဖြစ်သည်။

နေအိမ်အကျယ်ချုပ်မှ ပြန်လွတ်လာသည့်နေ့မှစ၍ ယခင်ကထက်များပြားလှသော လုပ်ငန်းတာဝန်များကို လုပ်ဆောင်နေသည့်အလျောက် မကြာမီစတင်ရန်ရှိသော ဒေါ်အောင်ဆန်းစုကြည်၏ နယ်လှည့်စည်းရုံးရေးခရီးစဉ်အပေါ် မိမိတို့အဖွဲ့ချုပ်မှ သူမ၏ လုံခြုံရေးအတွက် များစွာစိတ်ပူပန်မိပါသည်။ တိုးတက်ပြောင်းလဲမှုမရှိနေသေးသည့် နိုင်ငံရေးအခြေအနေများကြားထဲတွင် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးတို့အတွက် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူတကွ ကြိုးပမ်းဆောင်ရွက်နေကြသူများအားလုံး၏ လုံခြုံရေးအရအာမခံချက်မရှိသည်မှာ ၂၀၀၃ ခုနှစ်၊ မေလတွင် ဖြစ်ပွါးခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်၏ နယ် လှည့်စည်းရုံးရေးခရီးစဉ်အတွင်း စစ်အစိုးရကဖန်တီးပြုလုပ်ခဲ့သည့် ဒီပဲယင်းလူသတ်မှုကြီးက သာဓကပြထားပြီးဖြစ်သည်။ သို့ဖြစ်၍ သူမ၏နယ်လှည့် စည်းရုံးရေးခရီးစဉ်အတွင်း နိုင်ငံရေးလုပ်ကြံမှု ထပ်မဖြစ်စေရန်နှင့် လုံခြုံစွာလှုပ်ရှားသွားလာနိုင်စေရန်အတွက် လက်ရှိဟန်ပြအစိုးရတွင် အပြည့်အဝ တာဝန်ရှိသည်ကို သတိမူနိုင်စေရန် ဒေါ်အောင်ဆန်းစုကြည်၏ မွေးနေ့အထိမ်းအမှတ်ထုတ်ပြန်ချက်နှင့်အတူ ထုတ်ဖော်ပြောကြားလိုက်ပါသည်။

ယခုအချိန်တွင် နအဖစစ်အစိုးရမှ မွေးထုတ်ပေးလိုက်သည့် ဒီမိုကရေစီအရေခြုံ ဟန်ပြအစိုးရခေါင်းဆောင် သမတ ဦးသိန်းစိန်သည် နိုင်ငံတော်အား ဒီမို ကရေစီကျင့်စဉ်နှင့်အတူ အုပ်ချုပ်သွားနိုင်မည့် သန့်ရှင်းသောအစိုးရဖြစ်ရေးနှင့် လွတ်လပ်၍တရားမျှတသော၊ ငြိမ်းချမ်းသာယာဝပြောသော နိုင်ငံတော် သစ်တစ်ရပ် ဖြစ်ပေါ်လာစေရေးအတွက် ဦးတည်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း

ကြွေးကြော်ပြောဆိုနေပေသည်။ ထိုသို့ ပြောဆိုနေခြင်းမှာ ပြည်သူလူ ထုတရပ်လုံးနှင့် နိုင်ငံတကာအသိုင်းအဝိုင်းကြားတွင် မျက်နှာပန်းလှစေလို၍ ဖန်တီးပြောဆိုနေခြင်းသာဖြစ်သည်။ ဒီမိုကရေစီသို့ ဦးတည်နေသည်ဟု မည်မျှပင်ကြွေးကြော်နေသော်လည်း မကြာသေးမီကထုတ်ပြန်ခဲ့သည့် ၄င်းတို့၏ အနစ်သာရမရှိသောလွတ်ငြိမ်းချမ်းသာခွင့်အမိန့်နှင့် နယ်စပ်တလျှောက်တွင် ဆက်လက်ဖြစ်ပွါးနေသည့် ထိုးစစ်ဆင်တိုက်ခိုက်မှုများကသက်သေပြနေသည်။ ထို့အပြင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ပြည်သူလူထုတရပ်လုံးအနေဖြင့် ယနေ့ချိန်ထိ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး၏တစိတ်တဒေသဖြစ်သည့် ***လွတ်လပ်စွာထုတ်ဖေါ်ပြောဆိုခွင့်*** လုံးဝရှိမနေသေးသည်မှာလည်း အထင်အရှားပင်ဖြစ်သည်။

ထို့ကြောင့် လက်ရှိဟန်ပြအစိုးရအနေဖြင့် နယ်စပ်တလျှောက်တွင် ဆက်တိုက်ဖြစ်ပေါ်နေသည့် ထိုးစစ်ဆင်တိုက်ခိုက်မှုများကိုဖြေရှင်းပေးရန်၊ ကျန်ရှိနေ သေးသည့် နိုင်ငံရေးအကျဉ်းသားများအားလုံးကို ပြန်လွှတ်ပေးရန်နှင့် စစ်မှန်သည့်ငြိမ်းချမ်းရေး၊ တရားမျှတရေးအတွက် ဒေါ်အောင်ဆန်းစုကြည်အပါ အဝင် ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားအင်အားစုများနှင့် တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းကို အမြန်ဆုံးဖေါ်ဆောင်ပေးရန် တိုက်တွန်းလိုက် သည်။

ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းမှလည်း မြန်မာနိုင်ငံတွင် တိုးတက်ပြောင်းလဲသည့် နိုင်ငံရေးဖြစ်စဉ် မပေါ်ပေါက်မချင်း လက်ရှိဟန်ပြအစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ရပ်တန့်ပေးရန်နှင့် အားပေးထောက်ခံမှုမပြုရန် အလေးအနက်ထားတိုက်တွန်းတောင်းဆိုအပ်ပါသည်။ ထို့အပြင် ပြည်တွင်း စစ်ဒါဏ်ကြောင့် ယနေ့ချိန်ထိ ထွက်ပြေးတိမ်ရှောင်းနေကြရသည့် အမျိုးသမီးများနှင့် ကလေးသူငယ်များအပါအဝင် အပြစ်မဲ့ပြည်သူများအား လူသားချင်းစာနာထောက်ထားမှုအကူအညီများ တိုးမြှင့်ပေးရန်နှင့် ပြည်တွင်းရှိဆင်းရဲဒုက္ခရောက်နေကြသူ ပြည်သူများအတွက်လည်း နယ်စပ်ဖြတ်ကျော်ရန် အကူအညီပေးရေးကိုသာ ဦးစားပေးဆောင်ရွက်ပါရန် တိုက်တွန်းတောင်းဆိုလိုက်ပါသည်။

လူငယ်ထုအပါအဝင် ပြည်သူတရပ်လုံးအနေဖြင့်လည်း စစ်မှန်သည့် ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးတို့အတွက် ဒေါ်အောင်ဆန်းစုကြည်နှင့် လက်တွဲ၍ ဒီမိုကရေစီအရေးခြုံ ဟန်ပြအစိုးရ အမြန်ဆုံးပြုတ်ကျရေးအတွက် လက်တွဲညီညီ တိုက်ပွဲဝင်ကြပါရန် ဒေါ်အောင်ဆန်းစုကြည်၏ (၆၆)နှစ်ပြည့်မွေးနေ့တွင် မိမိတို့ အမျိုး သမီးများအဖွဲ့ချုပ်(မြန်မာနိုင်ငံ)မှ တိုက်တွန်းအပ်ပါသည်။

**ဆက်သွယ်ရန် –**

ဒေါ်တင်တင်ညို +၆၆ ၈၁၀ ၃၂၂ ၈၈၂
ဒေါ်လွင်လွင်လှိုင် +၆၆ ၈၅၂ ၅၀၂ ၉၈၂
ဒေါ်သင်းသင်းအောင် +၉၁၉ ၈၉၁ ၂၅၂ ၃၁၆
စောမီမီသန်း +၈၈၀ ၁၇၂၇ ၂၀၀ ၁၉၈